သောတရှင်များအားလုံး မင်္ဂလာပါရှင် ။ Ravio Veritas Asia မြန်မာပိုင်းအစီအစဉ် တနင်္လာနေ့တိုင်း တင်ဆက် ပေးနေကျ 'ဘဝအတွက်အလင်းရောင်ခြည်' ကဏ္ဍလေးအတွက် ဒီတစ်ပတ် ရွေးချယ်ထားတဲ့ ခေါင်းစဉ်လေးကတော့ ပုပ်ဖရန်စစ် အရှင်သူမြတ် အလင်းပေးမိန့်ကြားတော်မူခဲ့တဲ့ 'ဖန်ဆင်းခံအရာများအတွက် ဆုတောင်းရာနေ့' ဆိုတဲ့ ခေါင်းစဉ်လေးနဲ့တင်ဆက် ပေးသွားမှာဖြစ်ပါတယ်။ ဒီမင်္ဂလာသတင်းစကားလေးကို ဆလေးရှင်းအသင်းဂိုဏ်းမှ ကိုရင်ပါစကားသီကိုရှင်းကနေ ရေးသားပေးပို့ခဲ့တာပဲ ဖြစ်ပါတယ်ရှင်။

ခရစ်ယာန် အသင်းတော်အသီးသီးမှ ညီအကိုမောင်နှမများအားလုံးနဲ့ တစ်လုံးတစ်ဝတည်း စုစည်းပြီး ဒီယနေ့ ကက်သလစ်အသင်းတော်က 'ဖန်ဆင်းခံလက်ရာများကို စောင့်ရှောက်ရန်အတွက် ကမ္ဘာနဲ့အဝှမ်း ဆုတောင်းရာနေ့' အဖြစ် ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၁ရက်နေ့ကို သတ်မှတ်ကျင်းပခဲ့ပါတယ်။ ယခုလို ဆုတောင်းရာနေ့လေးကို ကျင်းပခြင်းအား ဖြင့် ယုံကြည်သူသားသမီးတိုင်း၊ ခရစ်ယာန်အသင်းတော်တိုင်းက ဖန်ဆင်းခံအရာဟူသမျှကို စောင့်ရှောက်ထိန်းသိမ်းဖို့ ဘုရားရှင်ပေးအပ်ထားတဲ့ ခေါ်တော်မူခြင်းဘဝအသက်တာကို ပြန်လည်ဆန်းသစ်ကြဖို့လည်း ဖြစ်ပါတယ်။ ဒါတင်မက သေးဘဲ အံ့သြဆန်းကြယ်လွန်းလှတဲ့ ဖန်ဆင်းခြင်းလက်ရာတွေကို ကျွန်ုပ်တို့လက်ထဲ အပ်နှင်းပေးခဲ့တဲ့အတွက် ဘုရားရှင် ကို ကျေးဇူးဆပ်တင်ရမှာဖြစ်သလို ကျွန်ုပ်တို့ မှီတင်းနေထိုင်နေကြတဲ့ ဒီကမ္ဘာငယ်လေးကို အစွန့်ရှည်တည်တံ့နိုင်အောင် ဆက်လက်ထိန်းသိမ်းနိုင်ကြဖို့ ဘုရားရှင်ရဲ့ ကျေးဇူးတော်ကိုလည်း တောင်းလျှောက်ကြရမှာဖြစ်ပါတယ်။

ကျွန်ုပ်တို့ကမ္ဘာရဲ့ အနာဂတ်ဟာ ခရစ်ယာန်အဖွဲ့စည်းအသီးသီး၊ ဘာသာရေးအသင်းအပင်းအားလုံးနဲ့အတူ လူသားအယောက်စီတိုင်းက မျှဝေထိန်းသိမ်းကြမှသာ ဆက်ပြီးအသက်ဆက်နိုင်တော့မှာပါ။ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက လည်း ဒီကမ္ဘာမြေကို တာဝန်မဲ့စွာ အတ္တဆန် အလွဲသုံးစားပြုလုပ်ခဲ့ကြလို့ ဘယ်လောက်တောင် ဆိုးကျိုးသက်ရောက်မှုတွေ သက်ရောက်နေပြီလဲဆိုတာကို ကမ္ဘာ့အဖွဲ့စည်းအသီးသီးနဲ့ ဘာသာရေးခေါင်းဆောင်တွေက ကမ္ဘာတဝှမ်းလှုပ်ခတ်သွား အောင် ကြိုးပမ်းလှုံဆော်ခဲ့ကြတာလည်း အားလုံးအသိပါ။ ဒီကမ္ဘာမြေမှာ တရားမျှတခြင်းတွေကြီးစိုးဖို့၊ မရှိဆင်းရဲသားကို ကရုဏာထားတဲ့ မေတ္တာတရားတွေ ရှင်သန်ဖို့၊ လူ့ဘောင်ပတ်ဝန်းကျင် သာယာဖွံ့ဖြိုးစေဖို့ လုပ်ဆောင်ကြတဲ့ လူမှုလုပ်ငန်း တိုင်းကို ကျွန်ုပ်အနေနဲ့

ဝမ်းသာအားရစွာ ကြိုဆိုအားပေးနေပါတယ်။ ဖန်ဆင်းရှင်ကို ယုံကြည်သက်ဝင်သူပဲဖြစ်ဖြစ်၊ ကံ ကံ၏အကျိုးကို လက်ခံယုံကြည်ကြသူပဲဖြစ်ဖြစ် ဘယ်ဘာသာမဆို လွတ်လပ်စွာကိုးကွယ်ဆည်းကပ်သူ လူသားအားလုံး ဟာ လက်ရှိ ကျွန်ုပ်တို့ အမှီသဟဲပြုနေထိုင်နေတဲ့ ကမ္ဘာငယ်လေးကို အယောက်စီတိုင်းနဲ့ သက်ဆိုင်တဲ့ မိမိတို့ စံအိမ်ဂေဟာ လေးတစ်ခုလို ကြင်နာမြတ်နိုးစွာ စောင့်ရှောက်ရမယ့်တာဝန်ရှိပါတယ်။ တအူတုံ့ဆင်း မဟုတ်ပေမဲ့ အတူဆုံရင်း ရှင်သန်နေ ကြတဲ့ လူအားလုံးဟာ တကယ်တော့ ညီရင်အကိုမောင်နှမ သားချင်းတွေပါပဲ။ ဒီလိုဆိုရင် ကမ္ဘာကြီးဟာလည်း လူအားလုံး ရဲ့ မိခင်ကြီးပဲ မဟုတ်လား။ အမိကမ္ဘာမြေကို သားသမီးအယောက်စီတိုင်း လက်တွဲပါဝင် အလှဆင် ထိန်းသိမ်းကြရအောင် လို့ ပုပ်ဖရန်စစ် အရှင်သူမြတ်က မင်္ဂလာစကားကို မိန့်ကြားခဲ့ပါတယ်။

ဘုရားရှင်က လူတွေကို သိပ်လှပသာယာလွန်းတဲ့ ဥယျာဉ်ကမ္ဘာလေးကို ပေးခဲ့တာပါ။ ဒါပေမဲ့ လူတွေက ဒီ ဥယျာဉ်လေးကို အကျည်းတန် ညစ်ညမ်းအောင် လုပ်ခဲ့ကြတယ်။ အနာအဆာတွေ၊ ဒဏ်ရာတွေနဲ့ မချိမဆန့် ခံစားနေရတဲ့ အမိကမ္ဘာမြေကို သေရာပါအောင် ဝေဒနာတွေ ထပ်ပေးခဲ့ကြတယ်။ ခုတော့ ကမ္ဘာကြီးက မျက်ရည်စက်လက်နဲ့ ရှိုက်ငင် ငို ကြွေးနေပြီလေ။ ဂေဟာစနစ်တွေချို့ယွင်းပျက်စီးကုန်တာ၊ ကမ္ဘာကြီးက ပူနွေးလာရုံမက အဖျားတက်ကုန်တာ၊ ဥဘာဝဘေး အန္တရာယ်တွေ ခါးစည်းရင်ဆိုင်နေကြရတာ ဘယ်သူကြောင့်လဲ။ ဒါတွေအားလုံးဖြစ်ရတာ လူသားတွေရဲ့ တစ်ကိုယ်ကောင်း ဆန် တာဝန်မဲ့မှုတွေကြောင့်ပါ။ ဘယ်သူသေသေ ငတေမာပြီးရော ဆိုပြီး ကမ္ဘာမီးလောင် သားတောင်ချနင်း ဆိုတဲ့ အတ္တ စိတ်တွေကြောင့်ဖြစ်ရတာပါပဲ။ ဒါကို ကိုယ်နဲ့ မဆိုင်ပါဘူးလို့ လက်ပိုက်ပြီး စည်းဝိုင်းအပြင်ကနေ ရပ်ကြည့်နေလို့မရပါ ဘူး။ လူတွေရဲ့ ဖြစ်တည်ရပ်တည်ခြင်း၊ ကမ္ဘာမြေရဲ့ ဂေဟာစနစ်တွေလည်ပတ်ခြင်းဆိုတဲ့ ရှင်သန်မှုနှစ်ခုဟာ ခွဲခြားထားမရ တဲ့ အစိတ်ပိုင်းတွေပါ။ ကမ္ဘဖျားရင်၊ လူလည်းဖျားမယ်။ ကမ္ဘာပျက်ရင် လူလည်း ပျက်မယ်။ ကမ္ဘာကြီးရဲ့ ငိုကြွေးသံ၊ ဆင်းရဲသားတွေရဲ့ ရှိုက်ညည်းသံတွေကို မျက်စိပိတ် နားပိတ်မနေဘဲ မျက်လုံးဖွင့် နားစွင့်ကာ တုန့်ပြန်ကြားနိုင်ဖို့ လိုအပ်ပါတယ်လို့ ပုပ်ဖရန်စစ်အရှင်သူမြတ်က အလင်းပေးမိန့်ကြားသွားခဲ့ပါတာပဲ ဖြစ်ပါတယ်။

သောတရှင်များရှင် . . ၊ ကမ္ဘာမြေကြီးရဲ့ ငိုကြွေးညည်းတွားသံတွေကို ဘရာသာရ်သီကိုရှင်းက အမေအိုရဲ့ မြည်တမ်းစာဆိုပြီး အမိကမ္ဘာမြေက သားသမီးတွေကို ပြောတဲ့ ပေးစာအသွင်နဲ့ ဆောင်းပါးတစ်ပုဒ်ရေးသားခဲ့တာလေးကို ဆက်လက်ဝေမျှပေးသွားမယ်နော် . . .။

'သားတို့သမီးတို့ရေ . . . အမေ့ရင်ထဲ မွန်းကျပ်ဖိစီးနေတဲ့ ပရိဒေဝသောကမီးတွေကို ရင်စည်းမခံနိုင်တော့လို့ အမေ ရင်ဖွင့် လိုက်ပါတယ်။ သားသမီးတို့ သိတဲ့အတိုင်းပဲ ဖန်ဆင်းခြင်းရဲ့အစမှာတော့ ပုံသဏ္ဍာန်တော်အတိုင်းသူ့လက်ရာဆိုသလို သိပ်ကို အံ့ဩဆန်းကြယ်လောက်အောင် လှပခဲ့တာလေ။ အမေ့အသိုက်အမြုံမှာကျေးငှက်တွေပျော်ခဲ့တယ်။ မြစ်ချောင်းတွေ စီးဆင်းခဲ့ကြျတယ်။ တောင်မြင့်အထပ်ထပ်၊ တောင်ဆွယ်ပင်လယ် အသွယ်သွယ်နဲ့ သာယာခဲ့ဖူးတာပေါ့။ ရာသီဥတုတွေ သဟဇာတ ဖြစ်အောင်လည်း အမေကိုယ်တိုင် အလီလီပြောင်းပေးနေခဲ့တာ။ ရှူရှိုက်ဖို့ လေ၊ သောက်သုံးဖို့ ရေ၊ စားသုံးဖို့ သီးပင်စားပင်တွေကအစ လိုလေးသေးမရှိခဲ့ပါဘူး။ ဒါတွေအားလုံးဟာ အမေချစ်တဲ့သားသမီးတွေအတွက်ပါပေါ့။ ရာသီဥတုဖောက်ပြန်ရင် ရောဂါကပ်ဘေးဆိုက်မှာစိုးလို့ ပူတစ်ခါ အေးတစ်လှည့်နဲ့ အမေ ကာကွယ်ပေးခဲ့ပါတယ်။ တကယ်တော့ အမေ ပေးဆပ်ခဲ့တာတွေ အများကြီးရှိပါသေးတယ်။ ဒါတွေကို အခု အမေပြောနေရတာဟာ အမေ့ကိုယ်ရည် သွေးချင်လို့မဟုတ်ပါဘူး။ သားသမီးတွေအတွက် သတိမူစရာ အသိလေးများ ရကောင်းရမလားလို့ အမေတွေးပြီး ရင်ဖွင့်လိုက်တာပါ။ ယွတ်စွအဆုံး ကုန်ကုန်ပြောရရင် အပေါ့အပါးသွားကအစ အမေ မညည်းညူဘဲ အနစ်နာခံပေးခဲ့တာပဲ မဟုတ်လား။ အဲ့လောက်ထိ အမေ ချစ်ခဲ့တာပါ။ ဒါပေမဲ့ အမေ့သားတွေသမီးတွေက အမေ့မေတ္တာကို စော်ကားတယ်။ အမေ့ချစ်ကို တန်ဖိုးမထားကြဘူး။ အမေ့ကိုလျစ်လျူရှုထားကြတယ်။ ဂရုစိုက်ဖို့ဆို ဝေးလာဝေးပဲ။ အမေလည်း အသက်ကြီးပါပြီကွယ်။ ရောဂါဖိစီးလို့ ဇရာလည်းထောင်းနေပါပြီ။ မင်းတို့ရဲ့ အမေအိုလေးကို တစ်ချက်လေး ငဲ့ကြည့်ပေးဦးလား။ စုံမြိုင်ရစ်ဆိုင်းနေတဲ့ တောတောင် ဂနိုင်တွေကို ရက်ရောစွာ အမေပေးခဲ့တယ်နော်။ ဘာပြုလို့ ပြန်လည် မစိုက်ပျိုးကြတော့တာလဲ။ သဘာဝကို အံတုပြီး အသစ်အဆန်းတွေ ထွင်လိုက်ကြတာ . . ခုတော့ ရေနေသတ္တဝါ၊ ကျေးငှက်သရကာတွေလည်း မျိုးသုန်းပျက်စီး၊ သမုဒ္ဒရာတွေလည်း အဆိပ်အတောက်ဖြစ်လို့ သဘာဝတရားတွေလည်း အကျည်းတန်ကြနေပြီ။ အဆမတန်စက်ရုံတွေထောင်ကြ၊ ထုတ်လွှတ်လိုက်တဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ်တွေက အမေ့ခန္ဓာ ကိုယ်က အိုဇုန်းလွှာတစ်ခုလုံးကို တစ်စစနဲ့ တိုက်စားနေကြတယ်။ သယံဇာတကြွယ်ဝမှုတွေကိုလည်း အများနဲ့မဝေမျှဘဲ လောဘတကြီးနဲ့ အတ္တတွေ အဆိပ်တက်နေလိုက်ကြတာ . . ။ ချမ်းသာတဲ့သူက ကျိကျိတက်၊ ဆင်းရဲသူက ဖွားဖက်တော် တောင် လုံအောင်မဖုံးနိုင်တဲ့ဘဝ။ လေထုတွေညစ်ညမ်း၊ ဆင်းရဲခြင်းတွေ ကြီးစိုး၊ သဘာဝတွေဖောက်ပြန်၊ ဂေဟစနစ်တွေ ချို့ယွင်းလို့ အမေ့မှာ ရှုနာရှိုက်ကုန်းဘဝနဲ့ သေရွာအလယ်က

ဝေဒနာသယ်ကြီးတစ်ယောက်ကိုဖြစ်လို့။ အမေပေးတာ အကြင်နာတွေ၊ ပြန်ရလိုက်တာ ရင်နာစရာတွေ ဖြစ်နေပါရော့လား။ အမေချစ်တဲ့ သားသမီးတွေက အမေ့နှလုံးသားကို ဝေဒနာအပူမီးတွေနဲ့လောင်မြိုက်ခဲ့ကြလို့ အမေ့အသည်းလည်း ကျွမ်းလုပါပြီကွယ်။ အမေ့အချစ်ကို ဒီထက်ပိုပြီး မစမ်းသပ် ချင်ပါနဲ့တော့။ အမေတောင်းပန်ပါတယ် သားတို့သမီးတို့ရယ်။ အမေ့ကို ကျေးဇူးပြုပြီး မစော်ကားပါနဲ့တော့။ အမေ့မျက်ရည်ကို မသုတ်ချင်နေပါ။ အမေ့ကို ဒဏ်ရာတွေ ထပ်မပေးပါနဲ့တော့နော်။ အမေဟာ သားတို့သမီးတို့ရဲ့ ရင်ခွင်အသိုက်အမြုံလေးပဲလေ။ ဘာလို့များ ကိုယ့်ရဲ့စံအိမ်ဂေဟာလေးကို မထိန်းသိမ်းချင်ကြရတာလဲ။ အမေ လေးလေးနက်နက်တောင်းဆိုပါတယ်။ အမေ့ကိုထိန်းသိမ်းကြပါ။ ကာကွယ်ပေးကြပါ။ ဒီလိုတောင်းဆိုတာလဲ အမေ့ အတွက် တစ်ရွေးသားမှ မပါပါဘူး။ သားသမီးတွေ ဒုက္ခပင်လယ်ဝေရမှာကို အမေတစ်ယောက်အနေနဲ့ မကြည့်ရက်၊ ရတက်မအေးနိုင်လို့ တောင်းဆိုနေရတာပါ။ နောက်ဆုံးအနေနဲ့ အမေ မှာချင်တယ်။ သေချာနားထောင်နော်။ ဟော့ဒီ ပထဝီကမ္ဘာမြေကြီးကို ဝိုင်းဝန်း စောင့်ရှောက်ကြပါနော်။ မောင်နှမအချင်းချင်း မေတ္တာထားကြပါ။ အမေ့ရင်ခွင်မှာ အမေ့သားသမီးတိုင်းကို အမေ အမြဲပျော်စေချင်တယ်။ သားတို့သမီးတို့ကို အမေ သိပ် ချစ်တယ်. . .'

သောတရှင်များရှင်. . . ဒီကမ္ဘာကို ကိုယ်တော်ဘုရားမြတ်ရှင် ပေးထားတာ ထိန်းသိမ်းဖို့ပါ သဟဇာတရှိစွာ ရပ်တည်နိုင်ဖို့ပါ။ မထိန်းသိမ်းနိုင်ရင် တာဝန်မကျေပွန်ဘဲ အပြစ်လွန်ကျူးတာနဲ့ အတူတူပါပဲ။ ဘုရားရှင်ရဲ့ ဖန်ဆင်းခြင်း လက်ရာတွေကို အကျည်းမတန်စေဘဲ ပိုမိုလှပလာအောင် ထိန်းသိမ်းကာကွယ်ကြဖို့ လောကအမိကမ္ဘာမြေက တောင်းဆို နေပါတယ်။ ကမ္ဘာမြေကို ချစ်ရအောင်။ ဖန်ဆင်းခံအရာတွေကို လေးစားကြရအောင်။ ဘုရားရှင်ရဲ့ မေတ္တာကရုဏာတော်၊ ခွင့်လွှတ်ခြင်းကျေးဇူးတော်တွေ စီးဆင်းစေတဲ့ လမ်းကြောင်းများသဖွယ် ရှင်သန်ကြရအောင်လားရှင်။ သောတရှင်များ လည်း ပါးပါးဖရန်စစ်ရဲ့ မင်္ဂလာသတင်းစကားတွေကနေ နေ့စဉ်ခွန်အားတွေ ရယူနိုင်ကြပြီး လောကဖန်ဆင်းခံ တရား တွေကို အုပ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ တစ်ထောင့်တစ်နေရာကနေ ပါဝင်အကျိုးပြုနိုင်ကြပါစေလို့ ကျမစစ္စတာရဲ လူစီယားသန္တာအောင်က ဆုတောင်းမေတ္တာ ပို့သလိုက်ပါတယ်ရှင်။ ဖန်ဆင်းခံလက်ရာတွေကို ချစ်မြတ်နိုးတတ်သူများ ဖြစ်ကြပါစေရှင် . . .။